**COVID-19 ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားနေသော အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများကို လာရောက်ခွင့် ယာယီပိတ်ပင်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**နေပြည်တော်၊ ဧပြီလ (၂၉) ရက်**

ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် COVID-19 ရောဂါအပါအဝင် အခြားကူးစက်မြန် ရောဂါဖြစ်ပွားမှုအခြေအနေများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အနီးကပ် စောင့်ကြည့်၍ လိုအပ်သော ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများအား ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀-၄-၂၀၂၁)နေ့တွင် ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှ ဒေသ (WHO SEARO Region) အတွင်း COVID-19 ရောဂါဖြစ်ပွားမှုအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှု လွန်စွာမြင့်မားနေပြီး ကပ်ရောဂါအသွင်ဖြစ်ပွားနေမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောဂါဖြစ်ပွားမှု ပြန်လည်များပြားနေခြင်းတို့ကြောင့် ဒေသတစ်ခုလုံးတွင် ရောဂါဖြစ်ပွားမှုသည် ရက်သတ္တပတ် (၆)ပတ် ဆက်တိုက်၊ ရောဂါကြောင့် သေဆုံးမှုသည် (၅) ပတ်ဆက်တိုက် မြင့်မားနေသည်ကို တွေ့ရှိ ရကြောင်းနှင့် အထက်ဖော်ပြပါနိုင်ငံများတွင် ရောဂါကူးစက်မှု ပိုမိုဖြစ်ပွားစေသည့် မျိုးရိုးဗီဇ ပြောင်းလဲသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးများဖြစ်သည့် SARS-CoV-2 VOC 202012/01, SARS-CoV-2 variant 501Y.V2, SARS-CoV-2 variant P.1 များအား တွေ့ရှိနေရကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ဤကဲ့သို့ ရောဂါ ကူးစက်ပြန့်ပွားနေမှုအခြေအနေများကြောင့် ကမ္ဘာ့နိုင်ငံအချို့သည် အိန္ဒိယ နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ လာရောက်သူများအား ခရီးသွားလာမှုကန့်သတ်ချက်များ ထုတ်ပြန် ထားကြောင်း တွေ့ရှိရပါသည်။

မိမိတို့မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာခရီးသွားများအတွက် Relief Flight များ ပြေးဆွဲ လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဧပြီလအတွင်း ပြည်ပနိုင်ငံများမှ လာရောက်သည့် လေယာဉ်ခရီးစဉ်များ အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ အသွားအလာ ကန့်သတ်ပိတ်ပင်ခြင်းနှင့် ဓါတ်ခွဲနမူနာရယူစစ်ဆေးခြင်းလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက် လျက်ရှိပါသည်။ (၂၂-၄-၂၀၂၁)ရက်နေ့ အိန္ဒိယနိုင်ငံမှ Relief Flight လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါ လာသူ (၈၂) ဦးအား ပထမအကြိမ် ဓါတ်ခွဲစမ်းသပ်မှုအရ (၁၄) ဦးတွင် COVID-19 ရောဂါပိုးများ တွေ့ရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်စပ်

ချင်း ထိစပ်လျက်ရှိသဖြင့် နယ်စပ်ဝင်/ထွက်ဂိတ်များ ပိတ်ထားသော်လည်း ကုန်စည်စီးဆင်းမှုများနှင့် လုပ်ငန်းလည်ပတ်မှုများ ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအိမ်နီးချင်းနိုင်ငံများမှ မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန်နှင့် COVID-19 ရောဂါ ဝင်ရောက်မှုအား ထိန်းချုပ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိနေထိုင်သူများနှင့် လွန်ခဲ့သော (၁၄)ရက်အတွင်း အဆိုပါနိုင်ငံများသို့ သွားရောက်ခဲ့သူများအနေဖြင့် မြန်မာနိုင်ငံသို့ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းမှ လာရောက်ခွင့် ယာယီပိတ်ပင်ခြင်းအား (၂၇-၄-၂၀၂၁)ရက်နေ့ (၂၃:၅၉) နာရီ အချိန်မှစတင်၍ ဆောင်ရွက်ထားရှိခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေများအား စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုကာ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာထုတ်ပြန်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။